

# မြန်မာ့သစ်မွှေး

## သောင်းညွန့်သစ်

အမျိုးသားစာပေဆုရ





# ရွှေလာငွေလာ ပျိုးဥယျာဉ်

## • ဦးတင်နိုင်+ဒေါ်နန်းခင်သန်းကြည်

ရတနာပုံတိရိစ္ဆာန်ဥယျာဉ်နောက်၊ မန္တလေးမြို့ ဖုန်း - ၀၉ - ၉၁၀၃၄၅၄၈၊ ၀၉ - ၄၀၂၇၃၇၇၉၃၊ ၀၉ - ၄၉၂၃၂၀၂၆



ရွှေလာငွေလာ သစ်မွှေးပျိုးဥယျာဉ်



ရွှေလာငွေလာ ပျိုးပင်စုံဥယျာဉ်



သစ်မွှေးပင် မှိုဆေးသွင်းခြင်း



သစ်မွှေးမှိုစွဲအသားစများ



ရွှေလာငွေလာ သစ်မွှေးပျိုးခြံ



ရွှေလာငွေလာ သစ်မွှေးပျိုးခြံ

ပြည်တွင်းဖြစ် ရှားပါးအဖိုးတန်ပျိုးပင်မျိုးစုံ၊ သစ်မွှေး(ထိုင်းမျိုး/မြန်မာမျိုး) ပျိုးပင်အရွယ်စုံရောင်းဝယ်ရေးနှင့် သစ်မွှေးမှိုဆေးသွင်းလုပ်ငန်း ဝန်ဆောင်မှုအကောင်းဆုံး ဆောင်ရွက်ပေးပါသည်။

ထိုင်းနိုင်ငံထုတ် CBG သစ်မွှေးမှိုဆေးဖြန့်ချိရောင်းချပေးပါသည်။

ပထမအကြိမ်၊ ၂၀၁၁ ခုနှစ် မတ်လ

အုပ်ရေ ၁၅၀၀

တန်ဖိုး ၂၀၀၀ ကျပ်

ထုတ်ဝေသူ - စာတည်းမှူးချုပ်၊ စာပေဗိမာန်
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း။

ပုံနှိပ်သူ - ရတနာဆွေပုံနှိပ်တိုက်
အမှတ် ၂၉၃ (ဘီ)၊ လမ်း ၄၀၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် ၄ ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် ၄ ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေး ဦးတည်ချက် ၄ ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မာတိကာ

နိဒါန်း ၁

အခန်း (၁)

သစ်မွှေးဟု ဆိုရာတွင် ၅

အခန်း (၂)

သစ်မွှေး၏ သမိုင်းကြောင်း တစေ့တစောင်း ၈

အခန်း (၃)

မြန်မာ့သစ်မွှေး ဒေသရင်းများ အခြေအနေ ၁၅

အခန်း (၄)

ဒါမွှေးနံ့ ဖြစ်ပေါ်လာပုံ ၂၃

အခန်း (၅)

သစ်မွှေးနှင့် စပ်လျဉ်းသော နိုင်ငံတကာအမြင် ၃၁

အခန်း (၆)

မြန်မာ့သစ်မွှေး ဖွံ့ဖြိုးတိုးတက်ရေး ၄၅

အခန်း (၇)

စီးပွားဖြစ် အဆင့်မြင့်သစ်မွှေးစိုက်ခင်း တည်ထောင်ခြင်း ၅၂

အခန်း (၈)

ပေါင်းစည်းယာမြေစနစ်ဖြင့် စိုက်ပျိုးခြင်း ၉၁

အခန်း (၉)

စန္ဒကူးအကြောင်း သိကောင်းစရာ ၁၀၅

အခန်း (၁၀)

မြန်မာ့သစ်မွှေး ၁၂၀

နိဂုံး ၁၅၁

မှီငြမ်းကိုးကားသော စာအုပ်စာတမ်းများ ၁၅၃

## အမှာစာ

သောင်းညွန့်သစ်၏ မြန်မာ့သစ်မွှေး (Agar Wood) ခေါင်းစဉ်ဖြင့် ပြည့်ပြည့်စုံစုံ တင်ပြထားသော စာအုပ်ကို ဖတ်ရှုရသည်။ နိုင်ငံတော်နှင့် ပြည်သူလူထု ဝင်ငွေရရှိမှုအတွက် သဘာဝဝန်းကျင် မပျက်စီးစေဘဲ သဘာဝတောများတွင်လည်းကောင်း၊ တောပြုန်းလျက်ရှိသောဒေသများ တွင် အဖိုးတန်သစ်မျိုးများနှင့် တွဲဖက်၍သော်လည်းကောင်း ရော်ဘာ ပင်များအောက်၌တွင်ပင် စိုက်ပျိုးဖြစ်ထွန်းနိုင်ကြောင်း သိရ၍ ပြည်သူ များ ဝင်ငွေရရှိစေခြင်း၊ နိုင်ငံအတွက် နိုင်ငံခြားငွေ ရရှိစေခြင်း၊ သဘာဝ တောများ မပျက်စီးစေဘဲ ၎င်းတောများအောက်တွင် အရိပ်ပင် (Shade tree) အဖြစ် စိုက်ပျိုးဖြစ်ထွန်းနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိ နိုင်ရန် အလွန်မှ တန်ဖိုးရှိလှသော စာအုပ်တစ်အုပ် ဖြစ်သည်ကို သိရှိ ရသည်။

ယခုလို သဘာဝသစ်တောများ၏ သဘာဝဝန်းကျင်တန်ဖိုး (Environmental Value) နှင့် သဘာဝဝန်းကျင်၏ အကျိုးပြုပုံ (Environmental Service)နှင့် (Natural Forest Ecosystem) သဘာဝသစ်တော များ၏ ဂေဟစနစ်တို့ကို အလေးမထားဘဲ ဖွံ့ဖြိုးမှု (development) စီးပွားရေးတို့ကို ဦးစားပေးနေသော အချိန်ကာလအတွင်း သဘာဝတော များ အနေအထား မပျက်ယွင်းဘဲ သစ်မွှေးပင်များ စိုက်ပျိုးပေးခြင်းဖြင့် ပြည်သူလူထုအတွက် ဝင်ငွေတိုးစေခြင်း၊ သဘာဝတောများ၏ လက်ရှိ

အနေအထားကို ထိန်းသိမ်းပေးရာရောက်ခြင်း၊ ဒေသခံ သစ်တော လုပ်ငန်း အစုအဖွဲ့ (CF) များနှင့် သီးနှံသစ်တော စိုက်ပျိုးရေး၊ ပေါင်းစည်းယာမြေစိုက်ပျိုးရေး စသည်တို့ဖြင့် တရားဝင် သစ်မွှေး စိုက်ပျိုးမှုများကို အားပေး ဆောင်ရွက်ခြင်းဖြင့် စက်မှုလုပ်ငန်း အဆင့်မြင့် (Industrial progress) ကိုလည်း အနေးနှင့်အမြန် ရောက်ရှိလာနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် သစ်မွှေးပင်များ၏ ရောဂါများကို ကုစားနိုင်ခြင်း စသော (Scientific value) သုတေသနတန်ဖိုး အလားအလာကိုလည်း ဖော်ပြထားပေသည်။

မြန်မာနိုင်ငံနှင့်တကွ အိမ်နီးချင်း နိုင်ငံများမှာ အဆင့်အတန်းမြင့်မားသော သစ်မွှေးမျိုးများ၊ သစ်မွှေးဆီ ထုတ်လုပ်မှု၊ စိုက်ပျိုးမှု၊ မှိုသွင်းမှု စသည့်နည်းပညာသစ်များကိုလည်း ပြည့်စုံစွာ ပြုစုဖော်ပြထား၍ နိုင်ငံတော်၏ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရုံမက ရှားပါးလာပြီး မျိုးသုဉ်းလုနီးပါး ဖြစ်နေသော မြန်မာ့ရတနာ သစ်မွှေးမျိုးကောင်းများကို ပြန်လည် အစားထိုး ဖြည့်စွမ်းပေးနိုင်သည့် နည်းပညာဆိုင်ရာ စာအုပ်တစ်အုပ်ဖြစ်၍ စာပေဗိမာန်စာမူဆု [သုတပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံပညာရပ်)] ပထမဆုကို ထိုက်ထိုက်တန်တန် ရှိခဲ့သော ပြည်သူ့အကျိုးပြုစာအုပ်ကောင်းတစ်အုပ် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

ဦးအုန်း
ညွှန်ကြားရေးမှူး (သစ်တော-ငြိမ်း)
ကမ္ဘာမြေချစ်သူ
ဒုတိယဥက္ကဋ္ဌ
သစ်တောသဃံဇာတ ပတ်ဝန်းကျင် ဖွံ့ဖြိုး
တိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း (FREDA)
ရန်ကုန်မြို့

# နိဒါန်း

သစ်မွှေးခေါ် အကျော်ပင် (Agarwood) Aguilaria malacenis. (အာကွီလာရီးယား မာလာဆင်းစစ်) နံ့သာ/ဆေးဝါး ကုန်ကြမ်းသစ်တစ်မျိုးနှင့် ပတ်သက်၍ စိုက်ခင်းများ စိုက်ပျိုး တည်ထောင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် မလေးရှားနိုင်ငံမှ ပညာရှင်နှင့် ကုမ္ပဏီတို့သည် ၂၀၀၃ ခုနှစ်အတွင်း လာရောက်လေ့လာ စုံစမ်းခဲ့ကြဖူးသည်။

မလေးရှားနိုင်ငံ ပညာရှင်နှစ်ဦးနှင့် ကုမ္ပဏီတို့က ၎င်းတို့ လက်ဝယ်တွင် သစ်မွှေးစိုက်ပျိုးပြီး သစ်မွှေးဆီ ထုတ်လုပ်နိုင်သည့် နည်းပညာရှိကြောင်း မြန်မာနိုင်ငံတွင် သစ်မွှေးကို ပုဂ္ဂလိက သို့မဟုတ် နိုင်ငံခြားသားများ၊ လာရောက်စိုက်ပျိုးနိုင်ခွင့် ရှိ မရှိ၊ သို့မဟုတ် တိုင်းရင်းသားလုပ်ငန်းရှင်များ၊ ကုမ္ပဏီဖက်စပ်တို့နှင့် အကျိုးတူပူးပေါင်း လုပ်ကိုင်နိုင်ခြင်း ရှိ မရှိ၊ မြန်မာ့သဘာဝ သစ်တောများအတွင်း၌ သစ်မွှေးပင်များပေါများစွာ ရှိ မရှိ၊ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုး တည်ထောင်ထားသောအရွယ်ရောက်ပြီး သစ်မွှေးစိုက်ခင်းများ ရှိမရှိ၊ ရှိပါက သစ်မွှေးထုတ်လုပ်ခြင်း စီမံကိန်းကို နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်း လုပ်ကိုင်လိုကြောင်း လာရောက်၍ စုံစမ်းလေ့လာခဲ့ကြပါသည်။ ထိုအချိန်က သစ်မွှေးသည် နိုင်ငံတကာ ဈေးကွက်၌ တစ်ကီလိုဂရမ်လျှင် အမေရိကန် ဒေါ်လာ ၃၀၀၀၀ အထိ ရှိနေခဲ့သည်။

သစ်တောရေးရာဝန်ကြီးဌာနက သစ်တောဦးစီးဌာနနှင့် မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်း လီမိတက်တို့အနေဖြင့် ဆက်သွယ်လာသော ပညာရှင်များနှင့် နည်းပညာများ ပူးပေါင်း

ဆောင်ရွက်ကြရန် ပေါင်းစပ်စီစဉ်ပေးခဲ့ပေသည်။ ထိုအချိန်က မှော်ဘီမြို့ သစ်စေ့နှင့် ပျိုးပင်ထုတ်လုပ်ရေးစခန်း၌ မြစ်ကြီးနားဒေသမှ မျိုးယူ၍ စမ်းသပ်စိုက်ပျိုးထားသော ပျမ်းမျှအမြင့်ပေ ၁၀ ပေခန့် သစ်မွှေးပင် ၉၀ ခန့်ရှိ ခြံတစ်ခြံရှိခဲ့သည်။ သစ်တောဖက်စပ်က ယင်းပျိုးဥယျာဉ်မှ တစ်နှစ်သား သစ်မွှေးပျိုးပင် ၆၀ ကို တစ်ဆင့်သယ်ယူပြီး တိုက်ကြီးမြို့နယ် လှိုင်ရိုးမ တောင်ပေါ်ကြီးဝိုင်း အကွက်အမှတ် (၁၅) တွင် ၂၀၀၃ ခုနှစ်ကစ၍ စမ်းသပ်စိုက်ပျိုးခဲ့ကြခြင်း ဖြစ်ပေသည်။

သစ်မွှေးပင်သည် ပြည်နယ် တောင်တန်းဒေသ၊ နက်ရှိုင်းသောလျှိုမြောင် သစ်တောကြီးများအတွင်း၌ အအေးကြိုက်၊ အရိပ်ကြိုက်၊ အမြဲစိမ်း သစ်ပင်မျိုးဖြစ်၍ မြန်မာပြည်အောက်ပိုင်း မြေပြန့်ဒေသတွင် ရှင်သန်ဖြစ်ထွန်းနိုင်မှု ရှိ၊ မရှိ ဆိုသည်ကိုသာ ပထမခြေလှမ်းအဖြစ် စမ်းသပ်စိုက်ပျိုးခဲ့ကြခြင်း ဖြစ်ပေသည်။

ယခုအခါ သစ်မွှေးသည် မြန်မာပြည်အောက်ပိုင်း (ဒီရေတောဒေသမှအပ) ရေမြေရာသီဥတုတွင် ရှင်သန် ဖြစ်ထွန်းလျက် ရှိနေသည်ကို လက်တွေ့အကောင်အထည်ဖော်နေပြီ ဖြစ်ပါသည်။ အဖွဲ့အစည်း၊ ကုမ္ပဏီ၊ ဖက်စပ်နှင့် တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် မြေလွတ်မြေရိုင်းများတွင် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်ကြစေရန် သစ်မွှေးအကြောင်း သိကောင်းစရာများနှင့်တကွ စီးပွားဖြစ် စိုက်ပျိုးတည်ထောင်ခြင်း နည်းပညာ အချက်အလက်များ၊ လက်တွေ့ လုပ်ကိုင်နည်းစနစ်များကို ရေးသားအပ်ပါသည်။ သစ်မွှေးသည် မြန်မာ့သစ်တောကဏ္ဍ၌ မြန်မာ့ကျွန်းသစ်ကဲ့သို့ ထင်ပေါ်ကျော်ကြားခြင်း မရှိသေးသော တိမ်မြုပ်နေဆဲ 'သစ်မဟုတ်သော သစ်တောထွက်ပစ္စည်း' (Non Timber forest produce) NTFP ဖြစ်ပေရာ လေ့လာသုတေသနပြု ဖော်ထုတ်အပ်ပါသည်။ သို့ပါ၍ ဤစာအုပ်ကို ပြုစုရခြင်း အဓိက ရည်ရွယ်ချက်မှာ-

(၁) လူသိ နည်းနေသေးသည့် မြန်မာ့သစ်မွှေးကို လူသိများ ရေပန်းစားလာသော စီးပွားဖြစ်စိုက်ပျိုးသင့်သည့် သစ်မျိုး တစ်မျိုးအဖြစ် သတင်းကွန်ရက် ဖြန့်ကြက်စေရန်၊

(၂) သဘာဝရတနာ မြန်မာ့သစ်မွှေးသည် မြန်မာ့မြေပေါ်တွင် မျိုးသုဉ်း ပျောက်ကွယ်တော့မည့် အခြေအနေမှ ထာဝစဉ် တည်တံ့ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(၃) နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသော မြေယာအသုံးချရေး မူဝါဒ (Land use policy) အရ မြေလွတ်မြေရိုင်းများတွင် အခြားသော နှစ်တို နှစ်ရှည်ပင်များနှင့်အတူ ရောနှော စိုက်ပျိုးလာစေခြင်းဖြင့် သစ်တောဂေဟစနစ် (forest eco-system) ပိုမိုဖွံ့ဖြိုးလာစေရန်၊

(၄) မြန်မာ့သစ်မွှေးသည် မြန်မာနိုင်ငံ၏ အရည်အသွေးမီ ထွက်ကုန် အမယ်သစ်အဖြစ် နိုင်ငံတကာဈေးကွက်မှသည် ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ပြီး နိုင်ငံခြားဝင်ငွေ ရရှိသော ဝင်ငွေရလမ်းတစ်ရပ် ထွက်ပေါ်လာစေရန်၊

(၅) ဒေသခံ တိုင်းရင်းသား လုပ်သားပြည်သူများအနေဖြင့် မြန်မာ့သစ်မွှေးကို အလေးထား စိုက်ပျိုးလာစေခြင်းဖြင့် ဝင်ငွေ တိုးတက်လာစေမည့်အပြင် မြန်မာ့သစ်မွှေးလောက ပိုမို ကျယ်ပြန့်၍ ရေရှည်ဖွံ့ဖြိုး တိုးတက်နေစေရန်၊

(၆) သစ်မွှေးပင်များသည် နှစ်ရှည် သစ်တောပင်မျိုးဖြစ်သည့် အပြင် အခြား အရိပ်ပင်များနှင့် တွဲဖက် စိုက်ပျိုးနိုင်ခြင်း ကြောင့် သစ်တော ထိန်းသိမ်းမှု၊ တောင်ပေါ်ဒေသများ၌ တောင်စောင်းများတွင် စိုက်ပျိုးခြင်းဖြင့် မြေပြိုစားမှုကို ထိန်းသိမ်းနိုင်မှု ဒေသအလိုက် ရေဝေရေလဲ ထိန်းသိမ်းနိုင်မှု စသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အကျိုးကျေးဇူး များ ရရှိနိုင်စေရန်၊

(၇) စီးပွားဖြစ် သစ်မွှေးစိုက်ခင်းများ၊ ကျယ်ပြန့်စွာ တည်ထောင် လာခြင်းဖြင့် သစ်မွှေးမျိုးဗီဇ ထာဝစဉ် တည်တံ့စေရန် ထိန်းသိမ်းနိုင်ခြင်း၊ သစ်မွှေးနည်းပညာဆိုင်ရာ လုပ်ငန်းများ

နှင့် ဈေးကွက်ဖွံ့ဖြိုး တိုးတက်ရေး နိုင်ငံတကာနယ်ပယ် ကွန်ရက် (International Agarwood network) တွင် ပါဝင် နိုင်ရန် ဖြစ်ပါသည်။

သောင်းညွှန့်သစ်

■

## အခန်း (၁)

# သစ်မွှေးဟု ဆိုရာတွင်

သစ်ပင်အသား (သစ်သား) မှ အမွှေးရနံ့ရသော သစ်မွှေးကို မဆိုလိုပါ။ ပင်စည်အတွင်းသားထဲမှ ရရှိသော ရှားပါးအဖိုးတန်သည့် ထူးကဲသော မွှေးရနံ့ဖြင့် သစ်စေးမွှေးကို ဆိုလိုပါသည်။ သစ်မွှေး (တိုင်းရင်းဆေးအခေါ် အကျော်ဟူ၍လူသိများပါသည်။)

**သစ်သားမှမွှေးသော သစ်မွှေးအမျိုးမျိုး**

မြန်မာ့သဘာဝသစ်တောများအတွင်း သနပ်ခါး၊ ကရမက်၊ တောင်တန်ကြီး၊ နံ့သာဖြူ၊ နံ့သာနီ၊ စန္ဒကူး၊ တုန်နွယ်၊ ပန်သစ်ရာ၊ သစ်စေးပင် စသည်ဖြင့် အပင်များစွာရှိပါသည်။ လူသိများသော ပိတောက်သားပင် လျှင် ခုတ်ဖြတ်၊ လွှတိုက်လိုက်လျှင် မွှေးသောရနံ့ ထွက်ပါသည်။ အသုံး ပြုနိုင်လောက်သော မွှေးရနံ့မဟုတ်ပါ။ ကြာရှည်လည်း မခံပေ။ သို့ပါ၍ အမည် ဆင်တူပြီး အပင်မတူသော သစ်စေးများလည်း ရှိနေသဖြင့် မြန်မာ့သစ်မွှေး (သစ်စေးမွှေး) နှင့် ကွဲပြားခြားနားစွာ လေ့လာသိရှိနိုင် ရန်၊ အခြားသစ်စေး၊ သစ်မွှေးပင်များကိုလည်း အကျဉ်းမျှ ထည့်သွင်း ဖော်ပြပါမည်။

သနပ်ခါး၊ ကရမက်၊ တောင်တန်ကြီး စသည်များသည် လူသိများ သော အမွှေးနံ့သာတုံးများ ဖြစ်ပါသည်။ အရပ်ဒေသအခေါ် သစ်မွှေးပင် တစ်မျိုးသည်လည်း အပင်ခုတ်စနှင့် သစ်သားမှာပင် အခိုက်အတန့်



## အမျိုးသားစာပေဆုရ

အဖ ဝပ်ရှော့ဆရာကြီး ဦးမှင်နှင့် အမိ ဒေါ်အေးတို့မှ ၁၉၄၆ ခုနှစ် ဩဂုတ်လ ၁၁ ရက်နေ့တွင် ဟင်္သာတခရိုင် မြန်အောင်မြို့၌ မွေးဖွားသည်။ ပြင်ဦးလွင်မြို့ (မေမြို့) မြန်မာနိုင်ငံ သစ်တောကျောင်းတွင် သစ်တောပညာ ဆည်းပူးအောင်မြင်ခဲ့သည်။ ၁၉၆၅ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ သစ်တောဦးစီးဌာနတွင် တောခေါင်း၊ ဒုတိယ တောအုပ်၊ နယ်စီးတောအုပ်ကြီး၊ မြို့နယ်ဦးစီးမှူး ရာထူးတာဝန်များ အဆင့်ဆင့် ဆောင်ရွက်ခဲ့သည်။ တာဝန်ထမ်းဆောင်စဉ် နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေ စိုးမိုးရေး ဆုတံဆိပ်၊ ပြည်သူ့ဝန်ထမ်း ဂုဏ်ထူးဆောင် ဆုတံဆိပ်များ ချီးမြှင့်ခြင်းခံခဲ့ရသည်။

၁၉၈၂ ခုနှစ် ကြေးမုံသတင်းစာတွင် "ကျေးရွာထင်းတော စိုက်ပျိုးသုံးစွဲရေး" ဆောင်းပါးဖြင့် စာပေနယ်သို့စတင်ဝင်ရောက်ခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် "တစ်ခေတ် တစ်ချိန်က ချင်းရိုးမဆီရောက်ခဲ့စဉ်က" စာမူဖြင့် စာပေဗိမာန်စာမူဆု (စာပဒေသာ) ဒုတိယဆု၊ ၂၀၀၈ ခုနှစ်တွင် "မြိုင်ယံလယ်က ဟတ္ထိဝက်" စာမူဖြင့် စာပေဗိမာန် စာမူဆု (စာပဒေသာ) ပထမဆု ရရှိခဲ့သည်။ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း စာစောင်များတွင် ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးများ ရေးသားလျက်ရှိသည်။

၂၀၀၁ ခုနှစ်မှစ၍ တိုက်ကြီးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်လျက်ရှိသည်။

ယခုအခါ မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းလီမိတက်တွင် မန်နေဂျာ (သစ်ထုတ်ရေး၊ သစ်တောစိုက်ခင်းနှင့် စိုက်ပျိုးမွေးမြူရေးဌာနခွဲ) တာဝန်ခံအဖြစ် ဆောင်ရွက်လျက်ရှိသည်။

အမည်ရင်းမှာ ဦးသောင်းညွန့် ဖြစ်သည်။

နေရပ်လိပ်စာ - အမှတ် ၃၇၃၊ လယ်တီ (၁) လမ်း၊ ရှမ်းစုရပ်ကွက်၊
တိုက်ကြီးမြို့ ရန်ကုန်တိုင်းဒေသကြီး။

# မြန်မာ့သစ်မွှေး

**သောင်းညွန့်သစ်**